နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၁၉-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄၄၆/ ရွှေဖက်စပ် (အောင်ဝန်းနေ)/၂၀ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူမှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးလုပ်ငန်းများ၊ စီမံကိန်းနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များ၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊ အစီရင်ခံစာရေးသားပြုစုသူမှ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်အလက်များသည် မှန်ကန်ကြောင်းနှင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ထားရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** ရွှေသတ္တုတူးဖော် ထုတ်လုပ်ရာတွင် (Open Cut Mining) နည်းစဉ်ကို အသုံးပြုပြီး ဆောင်ရွက်ပါသည်။ အပေါ်ယံမြေလွှာများကို ရှင်းလင်းဖယ်ရှားခြင်း လုပ်ကွက်ကမ်းပါးအဆင့်များ ဖော်ထုတ်ခြင်းကို ဆက်လက်ဆောင်ရွက်ပါသည်။ ရွှေသတ္တုထုတ်လုပ်ရာ လုပ်ငန်းခွင်အတွင်း ရွှေသတ္တုချက်ကန်နှင့် သုံးစွဲရေကန်များထားရှိရန် နေရာများကိုသတ်မှတ်ပြီး လေးထောင့်ပုံမြေကျင်းများ တူးဖော်ပါသည်။ ရွှေချက်ကန်အတွင်းမှ ကျလာသော ရွှေပါအရည်ကို အရည်စုကန်အတွင်းမှတစ်ဆင့် ကာဗွန်ထည့်ထားသောအိုးဖြင့် ဖမ်းယူပါသည်။ ရွှေဖမ်းယူပြီးသော ရွှေတောင်ကာဗွန်ကိုမီးရှို့ပြီး ပြာကျသည့်အခါ ၎င်းပြာကို ငွေ(ဘော်) အနည်းငယ်ဖြင့် ရောနှောကျိုချက်ပြီး ရွှေသတ္တုကြမ်းကို ထုတ်ယူမည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး ထိခိုက်မှုလျော့နည်းစေရန် အသုံးပြုမည့်လမ်းကြောင်းများတွင် ရေဖျန်းခြင်း၊ ယဉ်များအား အရှိန်လျော့မောင်းနှင်စေခြင်း၊ မြေစာသယ်ယဉ်များအား စနစ်တကျဖုံးအုပ်၍ သယ်ယူစေခြင်းတို့ကိုဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအားနှာခေါင်းစည်း၊ ဦးထုပ်၊ မျက်မှန်၊ ဝတ်စုံများ ဝတ်ဆင်စေခြင်းတို့ကိုဆောင်ရွက်ရန်၊

(၃) လုပ်ကွက်အတွင်းရှိလမ်းများကို ဖုန်မထစေရန် အမာခံလမ်း ပြုလုပ်ခြင်း၊ ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာခြင်းလုပ်ငန်းနှင့် လေထုအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ကွက်မှအလုပ်သမားများ အသုံးပြုသော ချိုးရေ၊ သုံးရေ၊ စွန့်ပစ်အရည်များကို HDPE ခင်းထားသော အရည်စုကန် (၁) ကန်ထား၍ ရေကန်များအတွင်းသို့ ထုံးရေကြည်များထည့်၍ ရေကြည်ရရှိအောင် ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေကို စွန့်ထုတ်ရန်အတွက် သေချာစစ်ဆေးပြီးအန္တရာယ်ကင်းအဆင့်ရောက်မှသာ ရေကြည်ကိုစွန့်ထုတ်ရန်၊

(၃) ပတ်ဝန်းကျင်ရှိရေအရည်အသွေး ပျက်စီးမှုမရှိစေရန် ရေထွက်များကို အမှိုက်များရှင်းလင်း၍ ရေမြောင်းများကို ရေစီးရေလာကောင်းစေရန် စီမံဆောင်ရွက်ရန်၊

(၄) ရွှေချက်ကန်မှဆက်လက် အသုံးမပြုတော့သည့် စွန့်ပစ်အရည်များအား ဆိုင်ယာနိုက် ဓာတ်ပြယ်စေရေး ပြုလုပ်ထားရန်၊

(၅) မြေအောက်စိမ့်ထွက်ရေများအား အပတ်စဉ် pH စစ်ဆေးခြင်း၊ (၁) လတစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်များ၊ စွန့်ထုတ်အရည်အသွေးပါ Parameter များအတိုင်း ဓာတ်ခွဲစမ်းသပ်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်မြေစာများကို ကျင်း၊ ချိုင့်များ ဖို့ခြင်း၊ လမ်းပြင်ခြင်း၊ လမ်းခင်းခြင်း ၊ မြေစာပုံပြိုကျမှုမဖြစ်စေရေး စနစ်တကျစုပုံရန်၊

(၂) မိုးတွင်းကာလ ရေဝင်ရေထွက်ကောင်းစေရန် မြေစာပုံဘေးပတ်ဝန်းကျင်တွင် ရေနုတ် မြောင်းများဖောက်လုပ်ထားရန်၊

